(မူကြမ်း)

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော်     ရက်

( ၂၀၁၉ ခုနှစ်၊ ဧပြီလ      ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ် နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ် ခန့်ထားခြင်းခံရသူများသည် စတင်တာဝန် မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော် နာယက ရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ခ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ် ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ် ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီး

များအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများသည် နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသောအမှုများကို တရားသူကြီး တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ ။ **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) တင်ပြခြင်း**

## ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းသော "ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို" ကို ၈-၂-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် အမျိုးသားလွှတ်တော်က အတည်ပြု ဆုံးဖြတ်ခဲ့ပြီး အဆိုမိတ္တူအား ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၄ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

အမျိုးသားလွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသော အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သည့် တရားသူကြီးများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုနိုင်ရန်အတွက် ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အစားထိုးပြင်ဆင်ရန် လိုအပ်လာပါသည်။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အစားထိုးရန်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ကို စတုတ္ထအကြိမ် ပြင်ဆင်ရေးဆွဲရခြင်း ဖြစ်ပါသည်။

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်

| စဉ် | မူရင်းပြဋ္ဌာန်းချက် | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|
| ၁။ | | ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။ | |
| ၂။ | ၂၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်–<br>(က) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။<br>(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသော | ၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–<br>၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော်နာယကရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။ | ပြည်သူများ ယုံကြည် ကိုးစားအားထားပြီး ဖြောင့်မတ် မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီးများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုနိုင်ရန် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

| စဉ် | မူရင်းပြဋ္ဌာန်းချက် | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|
| | အမှုများကို တရားသူကြီး တစ်ဦး ထက်ပိုသော ခုံရုံးဖြင့် စစ်ဆေး စီရင်ရန် ညွှန်ကြားနိုင်သည်။<br>(ဂ) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။ | (ခ) နိုင်ငံတော်သမ္မတကတိုင်းဒေသကြီးတရားလွှတ်တော်သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာ ပြုရမည်။<br>(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-<br>(၁) တရားသူကြီးအဖြစ် ရွေးချယ် ခန့်ထားခြင်း ခံရသူများအား | |

| စဉ် | မူရင်းပြဋ္ဌာန်းချက် | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|
| | | တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့် အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက် ရသေးသော တရားသူကြီးများ အတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် အတွက် စီစဉ်ဆောင်ရွက်ရမည်။<br>(၂) ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်း ခံရသည့် တရားသူကြီးများသည် နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် ကျမ်းသစ္စာ | |

| စဉ် | မူရင်းပြဋ္ဌာန်းချက် | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|
| | | သို့မဟုတ် ကတိသစ္စာပြုရန် အတွက် စီစဉ် ဆောင်ရွက် ရမည်။<br>(၃) နိုင်ငံတော်အတွင်းရှိ တရားရုံး အားလုံးကို ကြီးကြပ် ကွပ်ကဲရမည်။<br>(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင် တရားရုံးများတွင် ရှိသော အရေးကြီးသော အမှုများကို တရားသူကြီး တစ်ဦးထက် ပိုသော ခုံရုံးဖြင့် စစ်ဆေး စီရင်ရန် ညွှန်ကြားနိုင်သည်။ | |